တအာင်းရပ်နယ်လွတ်မြောက်ရေးတပ်ဦး

**Palaung State Liberation Front**

အနီရောင်အဆင့် Covid-19 ကပ်ရောဂါတားဆီးကာကွယ်ရန်အတွက်

Stay Home နေထိုင်ကြရန် ထုတ်ပြန်ကြေညာခြင်း

ထုတ်ပြန်ချက် အမှတ်(၃/၂၀၂၁)

ရက်စွဲ (၂၄/၀၇/၂၀၂၁)

၁။ Covid-19 ကပ်ရောဂါသည် တအာင်းပြည်နယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာပြီး ပျံ့နှံ့နေပြီဖြစ်သည့်အတွက် တအာင်းပြည်နယ်အတွင်း Covid-19 ကပ်ရောဂါအခြေအနေအား **"အဆင့်(A)၊ အနီရောင်အဆင့်"**ဟု သတ်မှတ်လိုက်သည်။ သို့ဖြစ်ပါ၍ Covid-19 ကပ်ရောဂါတားဆီးနိုင်ရန်အတွက် ဂျူလိုင်လ(၂၄)ရက်မှ ဩဂုတ်လ(၇)ရက်နေ့အထိ (၁၄)ရက်တာကာလကို Stay Home ကာလအဖြစ် သတ်မှတ်လိုက်သည်။

၂။ Covid-19 ကပ်ရောဂါတားဆီးနိုင်ရန်အတွက် Stay Home ကာလတွင် ပြည်နယ်အတွင်းနေ ပြည်သူလူထုများအနေဖြင့်Covid-19ကပ်ရောဂါ အဆင့်(C)-အဝါရောင်အဆင့်နှင့် အဆင့်(B)-လိမ္မော်ရောင်အဆင့်ကာလတွင် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအပြင် အောက်ပါ စည်းမျဉ်းများအား တိကျစွာ လိုက်နာကြရမည်။

(က) ဒေသတစ်ခုမှ ဒေသတစ်ခုသို့၊ ကျေးရွာတစ်ခုမှ ကျေးရွာတစ်ခုသို့၊ ရပ်ကွက်တစ်ခုမှ ရပ်ကွက်တစ်ခုသို့ သွားလာခြင်းမပြုရ၊ မိမိနေအိမ်ဝင်း နှင့် မိမိခြံဝင်းအတွင်းတွင်သာ နေထိုင်ကြရမည်။

(ခ) အရေးပေါ် လူနာရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မတီ၏ ထောက်ခံချက်ရယူပြီး နီးစပ်ရာ ဆေးခန်းဆေးရုံတွင် သွားရောက်ကုသနိုင်သည်။

(ဂ) လိုအပ်ချက်အရ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်ပေးရန် သွားလာကြသည့် ကျန်းမာရေးဝန်ထမ်းများကို Covid-19 ကပ်ရောဂါကာကွယ်တားဆီးရေးစည်းမျဉ်းနှင့်အညီ သွားလာခွင့်ပြုသည်။

(ဃ) စားနပ်ရိက္ခာများ သယ်ဆောင်ရန်အတွက် ကားတစ်စီးလျှင် ယာဉ်မောင်း(၁)ဦးနှင့် ယာဉ်အကူ(၁)ဦးသာလျှင် လိုက်ပါခွင့်ပြု၍ သွားလာခွင့်ပြုသည်။

(င) ဤကော်မတီမှ ထုတ်ပြန်ထားသော Covid-19 ကပ်ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်။

၃။ အထက်ပါ စည်းမျဉ်းစည်းကမ်းအား လိုက်နာခြင်းမရှိပါက ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး Covid-19 ရောဂါကာကွယ်တားဆီးရေးကော်မတီမှ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

Covid-19 ရောဂါကာကွယ်တားဆီးရေးကော်မတီ

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF/TNLA)